

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ

   

**၁၁၉၆+**
သတ်ဖြတ်ခံရ

**၉၁၇၅+**
ဖမ်းဆီးခံခဲ့ရ

**၇၀၁၆+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၅၅+**
ဖမ်းဝရမ်းထုတ်ခံရ

# အကျဉ်းချုပ်

အောက်တိုဘာလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တို့တွင် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ ဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသား ၅၀၀၀ ကျော်ကို ပြန်လွှတ်ပေးမည်ဟု စစ်ကောင်စီမှ ကြေငြာခဲ့သည်။ ထိုကဲ့သို့သော ဆုံးဖြတ်ချက်ချခြင်းသည် တိုက်ဆိုင်မှုမဟုတ်ဘဲ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) မှ ယခုလနှောင်းပိုင်းတွင်ကျင်းပမည့် ထိပ်သီးအစည်းအဝေးများသို့ စစ်ကောင်စီအား ဖိတ်ကြားရန် ငြင်းဆိုပြီးချိန်နှင့် မကြာမီ ကျရောက်မည့် မြန်မာတို့၏ရိုးရာသီတင်းကျွတ်ပွဲတော် ကာလအတွင်းတွင် ပြန်လွှတ်ပေးသောကြောင့် တိုက်ဆိုင်မှုသက်သက် မဟုတ်ဘဲ နိုင်ငံရေးအရသာ လွှတ်ပေးခြင်းဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီသည် အရပ်သားပြည်သူများကို ကာကွယ်ရန် လုံးဝ ပျက်ကွက်ခဲ့သည်။ ဘုံသဘောတူညီချက် ၅ ချက်ကို အကောင်အထည်ဖော်ရန် စစ်ကောင်စီမှ သဘောတူခဲ့သော်လည်း ၎င်းတို့၏ကတိကဝတ်ကို အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းမရှိ ပါ။ စစ်ကောင်စီသည် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ ငွေကြေး ၊ လက်နက်နှင့်တရားဝင်မှုရရန် ကြိုးပမ်းနေသည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews မှ ပြောကြားခဲ့သည်။ စစ်ဗိုလ်ချုပ်များ အလွန်တောင့်တသော တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခံရရန် ကြိုးပမ်းမှုများ မအောင်မြင်ခြင်းသည် ၎င်းတို့အပေါ် ယုံကြည်စိတ်ချမှုမရှိကြောင်းကို ပြောပြနေသည်

နိုင်ငံရေးအကျဥ်းသားများကို လွှတ်ပေးပြီးနောက်မကြာမီ ပြန်လည်ဖမ်းဆီးခြင်း ဖြင့် စစ်ကောင်စီ၏ ဂတိမတည်မှုကို ပြသခဲ့သည်။ သတင်းများအရ ဒါဇင်နှင့်ချီသော နိုင်ငံရေးအကျဉ်းသားများ ပြန်လည်ဖမ်းဆီးခံခဲ့ရသည်။ ဒီမိုကရက်တစ် မြန်မာ့အသံ(DVB)၏ သတင်းများအရ ရန်ကုန်၊ အင်းစိန်ထောင်အတွင်းမှ ပြန်လည်လွှတ်မြောက်လာသူ အကျဥ်းသားတစ်ဦးကို တစ်နာရီမပြည့်မီ ပြန်လည်ဖမ်းဆီးခံခဲ့ရသည်ဟု သိရှိရသည်။ နိုင်ငံရေးကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ မှတ်တမ်းအရ အောက်တိုဘာလ ၁၈ ရက်နေ့ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးမည်ဟု ကြေငြာချက်မှ ပြန်လည်လွှတ်မြောက်လာပြီးနောက် အကျဉ်းသား ၁၁၀ ဦး ပြန်လည် ဖမ်းဆီးခံခဲ့ရသည်။ ပြီးခဲ့သည့်လများအတွင်း အကြမ်းဖက်စစ်ကောင်စီမှ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ဦးကို ပြန်လွှတ်ပေးခဲ့သည်ဟု ထုတ်ပြန်ခဲ့သော်လည်း AAPP ၏ အတည်ပြုချက်အရ ၄၀၀ ဦးသာ လွတ်မြောက်ခဲ့သည်။ စစ်တပ်သည် ပြန်လည်လွတ်မြောက်သူများ၏ စာရင်းကို ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ ကမ္ဘာတဝှမ်းရှိ အစိုးရများမှ စစ်ကောင်စီတို့၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသည့် နည်းဗျူဟာများကို ပြောင်းလဲသွားပြီဟူသော လက္ခဏာအဖြစ် မမှတ်ယူရန် အရေးကြီးသည်။ ဆန့်ကျင်ဘက်အနေဖြင့် ဤနည်းကို စစ်အာဏာရှင်အဆက်အဆက် ဆယ်စုနှစ် ပေါင်းများစွာ ကျင့်သုံးခဲ့သည့် ပုံစံတူနည်းမျိုးဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လှည့်စားမခံဘဲ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရထံ အာဏာပြန်လွှဲပေးရန် စစ်ကောင်စီကို ဆက်လက်ဖိအားပေးရန် အရေးကြီးသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုသည် ဗိုလ်ချုပ်ကြီးများ မျှော်လင့်ထားသကဲ့သို့ အာဏာရှင်စနစ်သို့ လွယ်လွယ်ကူကူ သက်သောင့်သက်သာ ကူးပြောင်းမှုမဖြစ်ခဲ့ပေ။ ထို့အစား ပြည်သူလူထုသည် နုတ်ဆိတ်ရန် ငြင်းဆန်ခဲ့ပြီး ဆက်လက်ဆန့်ကျင်ဆန္ဒပြကာ နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုတို့ကို

ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအနောက်မြောက်ဘက်ရှိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေကြီးတို့တွင် စစ်ဆင်ရေးတိုးချဲ့တိုက်ခိုက်မှုများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးလာသဖြင့် လူ့အခွင့်အရေးကောင်စီသို့ မြန်မာနိုင်ငံရေး အကျပ်အတည်းနှင့် ပတ်သက်၍ အရေးပေါ်အစည်းအဝေး တစ်ရပ်ပြုလုပ်ရန် Burma Campaign – UK မှ တောင်းဆိုခဲ့ကြသည်။ မြန်မာ နိုင်ငံတွင်းသို့ “နိုင်ငံခြား လက်နက်ကိုင်တပ်ဖွဲ့များ ရောက်ရှိလာပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အားနည်းရန်အတွက် ချေမှုန်းရန် စစ်ကောင်စီသည် လုပ်ဆောင်နေကြောင်း” အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ ထုတ်ပြန်ခဲ့သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ကယားပြည်နယ်

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် လျှင်မြန်စွာဆက်လက်ပြန့်နှံ့နေပြီးဒေသခံပြည်သူလူထုအပေါ် ဆိုးဝါးစွာ အကျိုးသက်ရောက်နေသည်။ဖရူဆိုမြို့နယ်တွင် ကိုဗစ်လူနာ ၁၀၀ ဦးတွေ့ရှိခဲ့သည်။ ကပ်ရောဂါသည် စစ်ကောင်စီတပ်နှင့်  ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြား တိုက်ပွဲများ မြင့်တက်နေချိန်  ရှင်သန်ရုန်းကန်နေရသော ဒေသခံတို့၏ အသက်မွေးဝမ်းကြောင်းကို ထိခိုက်နေသည်။ ဖရူမြို့နယ်တစ်ခုထဲတွင် ပြည်သူ ၄၀၀၀ ကျော် နေရပ်စွန့်ခွာ တိမ်းရှောင် နေရသည်။ တပြည်နယ်လုံးအတိုင်းအတာအရ လူပေါင်း ၈၅,၀၀၀ ကျော်သည် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည်။ ကရင်နီကာကွယ်ရေးတပ်မတော် (KNDF)မှ ဆေးမှူးများသည်  ဒေသတွင်းရှိ စစ်ဘေးရှောင်များနှင့် ဖျားနေသော ကျေးရွာသားများကို ဆေးကုသမှုပေးနေသည်။

## ချင်းပြည်နယ်

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အဆိုအရ စစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးအဖွဲ့များအကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ချင်းပြည်နယ်တစ်ခုတည်းတွင် အရပ်သား ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ပြည်တွင်းနှင့် နိုင်ငံတကာတို့မှ အကူအညီအထောက်အပံ့များကို ပို့ဆောင်ရာတွင် စစ်ကောင်တပ်များ၏ အဟန့်အတား အနှောက်အယှက်များကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ခရီးသွားလာခြင်းနှင့် လုံခြုံရေးအခြေအနေများကြောင့် ဒေသခံများအား လုံ့လစိုက်ထုတ်ခြင်းမပြုရန် တွန်းအားပေးလျက်ရှိသည်။ လိုအပ်သောပစ္စည်းများနှင့် စားနပ်ရိက္ခာယူရန် ပြန်သွားသော စစ်ဘေးရှောင်များသည် ပစ်မှတ်ထားခံနေရသည်။ တစ်ချို့သည် အသတ်ခံရပြီး တစ်ချို့သာ ထွက်ပြေးလွတ်မြောက်ရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။
စစ်ကောင်စီတပ်မှ စစ်အင်အားအလုံးအရင်းဖြင့် လက်နက်ကြီးများ တပ်ဆင်မှုကြောင့် ဒေသခံတို့၏ လုံခြုံရေးကို ခြိမ်းခြောက်နေပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အခြေအနေ ပိုမိုဆိုးဝါးလာမည်ကို ဒေသခံများကြား စိုးရိမ်မှုများ မြင့်တက်နေသည်။

## ကချင်ပြည်နယ်

စစ်ကောင်စီ၏ မတရားဖမ်းဆီးချုပ်နှောင်ခြင်းခံရသည် မြစ်ကြီးနားအခြေစိုက် သတင်းထောက်များ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၎င်းတို့သည် ယခုနှစ်အစောပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသည့် သတင်းများကို ဖော်ပြခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ကချင်သတင်းဌာန၏ အဆိုအရ မြစ်ကြီးနား သတင်းဂျာနယ်သတင်းထောက် Aje နှင့် Christopher တို့ကို ဧပြီလ ၁၃ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ဧပြီလ ၁၄ ရက်နေ့တွင် မမျိုးမြတ်ပန်ကို ဖမ်းဆီးခဲ့သည်။  74 Media မှ Chan Bu နှင့် Kachin Waves La Raw တို့ကို မတ်လ 29 ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

ကချင်ပြည်နယ်တွင် ရပ်ရွာထဲသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ပရမ်းပတာ ပစ်ခတ်ခြင်းအပါဝင် ရက်စက်ကြမ်းကြုတ်သော ထိုးစစ်ဆင်တိုက်ပွဲများကို အကြမ်းဖက် စစ်ကောင်စီတပ်များ ဆက်လက်လုပ်ဆောင်နေသည်။

“စစ်တပ်က ရွာတွေကိုမီးရှို့တာတွေ၊ ပစ္စည်းတွေကိုလုယက်ယူတာတွေ၊ လူတွေကို အစုလိုက်အပြုံလိုက်ဖမ်းဆီး တာတွေ၊ ညှင်းပန်းနှိပ်စက်တာတွေ၊ ဖမ်းဆီးထားသူတွေကို သတ်ဖြတ်တာတွေ၊ လိမ်ကွဲပြားမှုအပေါ် ခြေခံပြီး အကြမ်းဖက်တိုက်ခိုက်တာတွေ၊ လူနေရပ်ကွက်နဲ့ ရပ်ရွာတွေထဲကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်တာတွေ စတဲ့နည်းလမ်းပေါင်းစုံကိုအသုံးပြုပြီး ပြည်သူတွေကိုတိုက်ခိုက်နေပါတယ်။”

*•ကုလသမဂ္ဂအထူးကိုယ်စားလှယ် Christine Schraner Burgener*



*၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့ အာဏာသိမ်းမှုဆန့်ကျင်ရေး လူထု ဆန္ဒပွဲတစ်ခုအတွင်း အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်၏ မျက်နှာကို ကြက်ခြေခတ်ထားသော ကဒ်ပြား ကိုင်ဆောင်ထားသည့် ဆန္ဒပြသူတစ်ဦး*
*Credit: Voice of America/Associated Press*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၁၈ ရက်နေ့

အောက်တိုဘာလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တွင် သတင်းထောက် ၁၇ ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း သတင်းထောက် ၃၁ ဦးမှာ ဆက်လက်ဖမ်းဆီးခံချုပ်နှောင်ခံနေရသည်။

## အောက်တိုဘာ ၁၉ ရက်နေ့

ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် ဆိုးဝါးလာသည့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများကြောင့် လူပေါင်း ၃ သန်းခန့် အကူအညီနှင့် အကာအကွယ်များ အရေးပေါ်လို အပ်နေသည်။

## အောက်တိုဘာ ၂၀ ရက်နေ့

စစ်ကောင်စီ၏ စစ်ဆင်ရေးတိုးချဲ့လုပ်ရှားမှုကြောင့် လူ့အခွင့်အရေးကောင်စီသို့ မြန်မာ့အရေးနှင့် ပတ်သက်၍ ကြားဝင်ဆောင်ရွက်ပေးရန် The Burma Campaign UK မှ တောင်းဆိုခဲ့သည်။

## အောက်တိုဘာ ၂၁ ရက်နေ့

မြန်မာနိုင်ငံသားများကို နိုင်ငံတွင်းမှ ထွက်ခွာခြင်းအား တားဆီးသည့် အတွက် လေဆိပ်မှ လှည့်ပြန်နေရကြောင်း သတင်းများထွက်ပေါ်နေသည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၂၂ ရက်နေ့

တပ်မတော် ကျောထောက်နောက်ခံ ပြည်ထောင်စု ကြံ့ခိုင်ရေး ပါတီ ပြောရေးဆိုခွင့်ရှိသူမှ အာဏာသိမ်း ခေါင်းဆောင် မင်းအောင်လှိုင်အား အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးရန် တိုက်တွန်းလိုက်သည်။ လက်ရှိ အခြေအနေတွင် တိုးတက်မှု တစ်စုံတစ်ရာ မတွေ့ရသေးကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

## အောက်တိုဘာ ၂၃ ရက်နေ့

“တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် တပ်မတော်ရဲ့ ဦးဆောင်မှု အောက်တွင် မြန်မာနိုင်ငံအတွက် တည်ငြိမ်ပြီး အလားအလာရှိသော အနာဂတ်ကို မမြင်ပါဘူး” ဟု ကုလသမဂ္ဂ အထွေထွေညီလာခံ မိန့်ခွန်းတွင် ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် Christine Schraner Burgener မှ ပြောကြားခဲ့သည်။

## အောက်တိုဘာ ၂၄ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ ချင်းနှင့် ကယားပြည်နယ်မှ လူ့ အခွင့်အရေး အခြေအနေဆိုင်ရာ အစီရင်ခံစာသစ်ကို ထုတ်ပြန်ခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma